စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
MOPF
Ministry of Planning and Finance

## "ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အကြောင်းသိကောင်းစရာများ"

**ရည်ရွယ်ချက်**

**၁။** နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူလူထုများ အခွန်အကြောင်းကို ရှင်းလင်းစွာ သိရှိနားလည်ပြီး အများအကျိုးဆောင်ရွက်ရန် ထည့်ဝင်ရသော အခွန်တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်စေရန်၊ ကျသင့်သော အခွန်တာဝန်များကို ကြည်သာပျူငှာစွာ ပေးဆောင်လိုစိတ် ဖြစ်ပေါ် လာနိုင်စေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန် ရှိသည်ကို နားလည်လာနိုင်စေရန် ရည်ရွယ်ပါသည်။

**အခွန်နှင့် အခ (အခကြေးငွေ)**

**အခွန်**

၂။ အခွန်ဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ၏အကျိုးအတွက် နိုင်ငံတော် အစိုးရမှ ကျခံဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်း များအနေဖြင့်လည်းကောင်း မထည့်မနေရ ထည့်ဝင်ရမည့်ငွေဖြစ်သည်။ အခွန်၏အင်္ဂါရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင် ရန်တာဝန်ရှိပြီး ပေးဆောင်ရန် ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပေးဆောင်ရမည် ဖြစ်ခြင်း၊

(ခ) နိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ နိုင်ငံတော်အတွင်း နေထိုင်ခြင်းကြောင့် လည်းကောင်း၊ ဝင်ငွေနှင့် ပိုင်ဆိုင်မှုကြောင့်လည်းကောင်း ပေးဆောင်ရခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း ဆောင်ရွက်ခြင်းကြောင့် ပေးဆောင် ရခြင်း၊

(ဃ) ယင်းသို့ပေးဆောင်ရခြင်းကြောင့် သီးခြားအကျိုးခံစားခွင့်မရှိဘဲ အများနှင့်အတူ ပြည်သူတစ်ဦးအနေဖြင့်သာ အကျိုးခံစားခွင့်ရှိခြင်း။

**အခ (အခကြေးငွေ)**

၃။ အခကြေးငွေဆိုသည်မှာ နိုင်ငံတော်အစိုးရသို့ ပေးဆောင်ရသော အခ(အခကြေးငွေ)များ ဖြစ်ပြီး ပေးဆောင်ရသူအနေဖြင့် တိုက်ရိုက်အကျိုးခံစားခွင့်ရရှိကာ အပေးအယူသဘောမျိုးဖြစ်သည်။ အခ(အခကြေးငွေ) သဘောသဘာဝအရ ပေးဆောင်သူက ၎င်း၏ဆန္ဒအရ ၎င်း၏ကိုယ်ကျိုးစီးပွား အတွက် ပေးဆောင်ခြင်းသာဖြစ်ပါသည်။ (ဥပမာ-တံတားဖြတ်သန်းခ၊ စည်ပင်လိုင်စင်ခစသည့်

နိုင်ငံတော်အစိုးရသို့ ပေးဆောင်ရသည့် အခ(အခကြေးငွေ)များမှာ အသုံးပြုသူတစ်ဦး၊ လုပ်ငန်းရှင်တစ်ဦးက ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် ပေးဆောင်မှုသာဖြစ်ပြီး၊ အဆိုပါအခ(အခကြေးငွေ) ပေးဆောင်ပြီးမှသာ တံတားဖြတ်သန်းခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်။)

**အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်**

၄။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ နိုင်ငံ့တာဝန်ကို ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လစာနှင့် စရိတ်ချီးမြှင့်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး၊ အခြေခံအဆောက်အအုံများ ပြည့်စုံရေး အစရှိသည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်ကာမိစေရန် ဘဏ္ဍာငွေရရှိရေးနှင့် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုရေးစသည့် ရည်ရွယ်ချက်များအပေါ်တွင်သာ အခြေပြုကောက်ခံခြင်းမဟုတ်ဘဲ အောက်ပါရည်ရွယ်ချက်များကိုပါ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကောက်ခံခြင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံး ငွေကြေးစနစ်ပေါ်ပေါက်စေပြီး ငွေကြေးလည်ပတ်မှုကို မှန်ကန်စေ၍ ငွေကြေးဖောင်းပွမှု မပေါ်ပေါက်အောင် ထိန်းသိမ်းပေးရန်၊

( ခ ) စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်စနစ်ဖြင့် ထိန်းညှိပေးရန်၊

( ဂ ) ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူဖြစ်စေရန်၊

(ဃ) ဓနအင်အားမျှတစေရန်၊

( င ) နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို အထောက်အကူဖြစ်စေရန်၊

( စ ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(ဆ) အရက်၊ စီးကရက်စသော တားမြစ်လိုသည့် ကုန်စည်များကို အခွန်အကောက်စနစ်ဖြင့် ဟန့်တားနိုင်ရန်။

**အခွန်အမျိုးအစားများ**

၅။ အခွန်ကို အဓိကအားဖြင့် တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်ဟူ၍ (၂)မျိုး ခွဲခြားထားပါသည်-

(က) **တိုက်ရိုက်ခွန်** ဆိုသည်မှာ အခွန်ထမ်းမှ တိုက်ရိုက်ပေးသွင်းရသည့် အခွန်အမျိုးအစားဖြစ်ပြီး အခွန်ပေးဆောင်ရန် တာဝန်ရှိသူနှင့် အခွန်ကျခံရန် တာဝန်ရှိသူသည်တစ်ဦးတည်းသာ ဖြစ်ပါသည်။ အခြားသူထံမှ ကောက်ခံ၍ မိမိအမည်ဖြင့် ပေးသွင်း၍ မရသောအခွန်ဖြစ်သည်။ အခွန်တာဝန်မှာ အခွန်ထမ်းအပေါ်တွင် တိုက်ရိုက်ကျရောက်သည်။ (ဥပမာ -ဝင်ငွေခွန်)

( ခ ) **သွယ်ဝိုက်ခွန်** ဆိုသည်မှာ စားသုံးသူ/ဝန်ဆောင်မှုရယူသူထံမှ ကောက်ခံ၍ လုပ်ငန်းရှင်/လုပ်ငန်းဆောင်ရွက်သူ အမည်ဖြင့် လွှဲပြောင်းပေးသွင်းရသည့် အခွန်အမျိုးအစား ဖြစ်ပါသည်။ အခွန်တာဝန်မှာ အခွန်ထမ်းအပေါ်တွင် မကျရောက်ဘဲ ကုန်စည်ကို ဝယ်ယူသူ၊ ဝန်ဆောင်မှုရယူသူအပေါ်တွင် ကျရောက်ပါသည်။ (ဥပမာ-ကုန်သွယ်လုပ်ငန်းခွန်)

**နိုင်ငံတော်၏ အခွန်အကောက်ဖွဲ့စည်းထားရှိမှု**

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက် ပြည်ထောင်စုဝန်ကြီးဌာန(၁၀)ခုနှင့် နေပြည်တော်ကောင်စီတို့က အခွန်အကောက်အမျိုးအစား(၂၃)မျိုးကို အောက်ပါ အခွန်အုပ်စုကြီး(၄)မျိုး ခွဲခြား၍ ကောက်ခံလျက်ရှိပါသည်-

(က) ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်

( ခ ) ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်

( ဂ ) အကောက်ခွန်

(ဃ) နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်

**ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ**

၇။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဇယား(၁)အရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုအစိုးရက ကောက်ခံသည့် အခွန်အကောက်(၂၃-မျိုး)၏ ကောက်ခံရန်မူလလျာထားချက်စုစုပေါင်းမှာ ကျပ်(၈၀၅၂)ဘီလီယံကျော်ဖြစ်ပြီး ကောက်ခံရမည့် အခွန်အကောက်စုစုပေါင်း၏ ၈၀% ကျော်အား ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံပေးရမည် ဖြစ်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစား(၆)မျိုးမှာ-

(က) **ဝင်ငွေခွန်**

၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန်နှင့် ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့်အခွန်ဖြစ်ပါသည်။ ကောက်ခံရမည့် မူလလျာထားချက်မှာ ကျပ်(၃၀၀၀.၇၆၈) ဘီလီယံ ဖြစ်ပါသည်။

( ခ ) **ကုန်သွယ်လုပ်ငန်းခွန်**

၁၉၉၀ ပြည့်နှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အပေါ် ကောက်ခံသည့်အခွန် ဖြစ်ပါသည်။ ကောက်ခံရမည့် မူလလျာထားချက်မှာ ကျပ်(၂၃၀၃.၃၇၆)ဘီလီယံ ဖြစ်ပါသည်။

( ဂ ) **အထူးကုန်စည်ခွန်**

၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ၊ အထူးကုန်စည်ခွန်ဥပဒေအရ သတ်မှတ်ထားသည့် အထူးကုန်စည်များ(ကန့်သတ်လိုသည့်ကုန်စည်များ) တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းများအပေါ် ကောက်ခံသည့်အခွန် ဖြစ်ပါသည်။ ကောက်ခံရမည့် မူလလျာထားချက်မှာ ကျပ်(၁၁၃၈.၃၂၁)ဘီလီယံဖြစ်ပါသည်။

(ဃ) **တံဆိပ်ခေါင်းခွန်**

၁၈၇၀ပြည့်နှစ်၊ ရုံးခွန်အက်ဥပဒေနှင့် ၁၈၉၉ ခုနှစ်၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတို့အရ စာမှတ်စာတမ်းများတင်သွင်းခြင်းနှင့် စာချုပ်စာတမ်းများ ချုပ်ဆိုခြင်းတို့အပေါ်ရုံးခွန်/တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်စေခြင်းဖြစ်ပါသည်။ ကောက်ခံရမည့် မူလလျာထားချက်မှာ ကျပ်( ၉၈.၂၀၄ )ဘီလီယံ ဖြစ်ပါသည်။

( င ) **အောင်ဘာလေသိန်းဆုခွန်**

အောင်ဘာလေသိန်းဆုဌာနခွဲမှ လစဉ်လတိုင်း ရောင်းချလျက်ရှိသော အောင်ဘာလေသိန်းဆုထီနှင့် အောင်ဘာလေ Online သိန်းဆုထီလက်မှတ်တို့၏ ရောင်းရငွေ ၃၀% ကို အောင်ဘာလေသိန်းဆုခွန်အဖြစ် ကောက်ခံပြီး ကျန် ၇၀% ကို ထီဆုငွေအဖြစ် ခွဲဝေပေးပါသည်။ အောင်ဘာလေသိန်းဆုဖွင့်ပွဲ ထီဆုရလက်မှတ်မှ ထုတ်ယူရရှိငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိပါသည်။ ကောက်ခံရမည့် မူလလျာထားချက်မှာ ကျပ်( ၄၄.၁၈၂ )ဘီလီယံ ဖြစ်ပါသည်။

( စ ) **ရတနာခွန်**

၂၀၁၉ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၃ နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၉)တို့အရ ကျောက်မျက်ရတနာများရောင်းချခြင်းအပေါ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ရောင်းချသူနှင့် အကောက်ခွန်ဦးစီးဌာနတို့က ကောက်ခံ၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ လွှဲပြောင်းပေးသွင်းရသည့် အခွန်အမျိုးအစားဖြစ်ပါသည်။ မူလလျာထားချက်မှာ ကျပ်(၁၇.၆၈၂) ဘီလီယံ ဖြစ်ပါသည်။

၈။ နိုင်ငံတော်က ကောက်ခံရရှိသည့် အခွန်အကောက်များအား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဥပဒေအရ ကျသင့်အခွန်များအား သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝပေးဆောင်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**<u>အသေးစိတ်သိရှိလိုပါက</u>** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊အမှတ်-၁၂၈/၁၃၂(ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၁-၈-၃၈၉၃၁၁၊ ဖုန်း-၀၁-၈-၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၆၅ လမ်း၊၂၂ × ၂၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၀၁၃၉၂၊ ဖုန်း - ၀၂-၄၀၃၀၆၃၈၊ ဖုန်း -၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့်ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန